"ဗိုလ်ရဲမြင့် ပြောတဲ့သဘောကတော့ တပ်အသွင်ပြောင်းဖို့ ပြတ်ပြတ်သားသားလုပ်၊ ဒီလမကုန်ခင်အသွင်ပြောင်းရင်ပြောင်းမပြောင်းရင် ပြန်ပြီး စစ်တိုက်ကြတာပေါ့ ပုံစံမျိုးအထိ ပြောနေတယ်။ အခုတခေါက်တွေ့တာ ဗိုလ်ရဲမြင့်က တင်းတင်းမာမာ ပြောခဲ့တယ်" ဟု ဆိုသည်။

Photo : Meung Vax in : Singaix. Magazine

သီပေါမြို့နယ်၊ စိန်ကျော့ရွာတွင် ဌာနချုပ်အခြေစိုက်ထားသည့် သျှမ်းပြည်တပ်မတော်သည် ယမန်နှစ်ဧပြီလကုန်ပိုင်းက စတင်ဖိအားပေးခံခဲ့ရသော်လည်းတပ်ဖွဲ့အတွင်းတပ်မှူး၊ တပ်သားများကပြည်သူ့စစ်အသွင်ပြောင်းရေးကို လက်မခံခဲ့ကြပေ။

သို့အတွက်သျှမ်းတပ်ဖွဲ့ခေါင်းဆောင်များက အောက်ခြေတပ်မှူး၊တပ်သားများအားလိုက်လံဖြေရှင်း၊ဖျောင်းဖျနေရသကဲ့သို့နအဖဘက်ကလည်း အသွင်ပြောင်းရေးအတွက် တစိုက်မတ်မတ် အကြပ်ကိုင်နေရာ ယခု နောက်ဆုံး ရာဇသံပေးသည်အထိ ပြောဆိုလာခြင်းဖြစ်သည်။

တရုပ်နယ်စပ်တလျှောက်အခြေစိုက် အပစ်ရပ်အဖွဲ့အား နယ်ခြားစောင့်တပ်အဖြစ်လည်းကောင်း၊ နယ်စပ်နှင့်ဝေးသည့်အဖွဲ့အား ပြည်သူ့စစ်အဖြစ်လည်းကောင်း အသွင်ပြောင်းဖွဲ့စည်းရန်ဖိအားပေး ပြောဆိုနေခြင်းဖြစ်သည်။

အသွင်မပြောင်းသေးသည့်အဖွဲ့များအား စစ်ရေးအရ တိုက်ခိုက်ရန်ဆိုသည်မှာ နအဖအနေဖြင့် လွယ်လင့်တကူလုပ်၍မရဘဲ အခက်အခဲများရှိနေသည်ဟု ဦးအောင်ကျော်ဇောက သုံးသပ်သည်။

"အပစ်ရပ်တွေကို နယ်ခြားစောင့်တပ်လက်မခံလို့ တိုက်ရတာထက် ဘီန်းကိစ္စတို့၊ ဘာတို့နဲ့ အကြောင်းပြပြီး လုပ်နိုင်ပါတယ်။ ဒါပေမယ့်လုပ်လို့မရဘူးဖြစ်နေတယ်။ သူတိုက်လို့မရတော့ တိုင်းရင်းသားတွေအပေါ် သွေးခွဲသပ်လျှိုတာတို့၊ ဦးမင်းအိမ်လုပ်ကြံခံရတဲ့ကိစ္စကို ဝအဖွဲ့ကလုပ်တဲ့ပုံမျိုးတို့ လုပ်လာတယ်။ အခုပြဿနာက နိုင်ငံရေးပြဿနာဖြစ်ပေမယ့် ဗမာစစ်ဗိုလ်တစုရဲ့ လုပ်ဆောင်မှုကြောင့် အမျိုးသားရေးအထိ ဦးတည်သွားနေတယ်။ အပစ်ရပ်တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ပြီး နအဖကိုရင်ဆိုင်ဖို့ပြင်ဆင်တာ ကောင်းတဲ့လက္ခဏာ ဆိုပေမယ့် လူမျိုးရေးပြဿနာအတွက် မီးပွားဖြစ်နိုင်ပါတယ်။ ဒီအတွက်နအဖမှာ တာဝန်ရှိပါတယ်" ဟု ပြောသည်။

၁၉၈၉ စက်တင်ဘာ (၂၄) ရက် နဝတကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်ဆေထဲင့်ဦးဆောင်သည့် ရှမ်းတပ်ဖွဲ့ကိုယ်စားလှယ်များအကြား လားရှိုးမြို့၌ ငြိမ်းချမ်းရေးယူရန်ဆွေးနွေးစဉ်ကနောင်တက်လာမည့် အစိုးရမှသာ နိုင်ငံရေးဆွေးနွေးမည်ဆိုသည့်သဘောတူညီချက်အရ အသွင်ပြောင်းရေးကိစ္စကိုတပ်မှူးနှင့်အောက်ခြေအဆင့်က လက်မခံနိုင်ဘဲဖြစ်နေသည်။

ပေါက်ပေါက် ***(NEJ 9 /02/2010)***

အပစ်ရပ်တို့အပေါ် တရုတ်အား အငှါးခါးအဖြစ် နအဖ အသုံးပြုဘွယ်ရှိ

အပစ်ရပ် ဝ နှင့် မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေအတွင်း လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရေး အကြောင်းပြပြီး တရုတ်ကို နအဖက အငှါးခါးအဖြစ်အသုံးပြုဖွယ်ရှိကြောင်းဟု တရုတ်နယ်စပ်သတင်း ရပ်ကွက် ကပြောပါသည်။

"၂၀၀၈ တုန်းက ကျနော်တို့ ကိုခွင့်တောင်းပြီး သူတို့ တခါ လာလေ့လာတယ်။ အခု တခေါက်တော့ ဘာမှကိုမပြောတာ၊ တရုတ်ကိုကျနော်တို့ ပိုကြောက်တယ်ထင်ပြီး အငှါးခါးအဖြစ်သုံးပြီး ဗမာစစ်တပ်နယ်ချဲ့ မယ်ထင်တယ်၊ ကျနော်တို့ မြေပေါ် ရေပေါ် လျှပ်စစ်ဓါတ်အားပေးစက်ရုံလာဆောက်မယ်ဆိုတော့ နအဖဖြစ်ဖြစ်တရုတ်ဘဲဖြစ်ဖြစ် နှစ်ဘက်စလုံးဘဲဖြစ်ဖြစ် ကျနော်တို့ ရဲ့ သဘောတူညီချက်တော့ရယူရတယ်။" – ဟု ဝ အရာရှိတဦး က ပြော၏။

တရုတ်နိုင်ငံ ယူနယ်ပြည်နယ်ရှိ **Yunnan Power Grid Corporation** မှ ဒုအထွေထွေ မန်နေဂျာ **Wang Wen** နှင့် တရုတ်နိုင်ငံ၏ **State Development and Investment Cooperation (SDIC) Huajing Power Holding** ဒါရိုက်တာ **Hu Gang** တို့ ပူးပေါင်းပြီး နအဖစစ်အစိုးရ၏ အမှတ် ၁ လျှပ်စစ်ဝန်ကြီးဌာနထံ သံလွင်မြစ်လက်တက် နမ့်ခါမြစ် (ဝ နယ်) နှင့် မဲခေါင်မြစ်လက်တက် နမ့်လွေချောင်း (မိုင်းလားနယ်) ရေအားလျှပ်စစ်ဓါတ်အားပေး စက်ရုံတည်ဆောက်ရန် တရုတ်ဘာသာနှင့်သတင်းထုတ်ပြန်သည့် http://news.sohu.com 8/2/10 ဝပ်ဆိုက်မှ သတင်းကို တရုတ်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ရှားသူတဦးက သျှမ်းသံတော်ဆင့်သို့ အင်္ဂလိပ်ဘာသာပြန်၍ ပို့ပေးခဲ့၏။

"ရေအားလျှပ်စစ်စက်ရုံမပြောနဲ့ ကျနော်တို့ မြေပေါ်က သစ်တပင်ခုတ်ရင်တောင် ကျနော်တို့ ထံခွင့်မတောင်းလို့ မရဘူး၊ နယ်ကျွံသစ်ခုတ်တဲ့ သူတွေကိုတောင် ကျနော်တို့ မကြာခဏ ဖမ်းဆီးအပြစ်ပေးတယ်" – ဟု မိုင်းလား အရာရှိ တဦးကလည်း ပြောပါသည်။

ဝ နယ် နမ့်ခါမြစ်ပေါ် (တနေရာသာဆောက်မည့်) ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓါတ်အား ၂၀၀ – ၂၄၀ မက်ဂါဝပ် နေ့စဉ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေ နမ့်လွေချောင်းပေါ် တွင်မူ ရေအားလျှပ်စစ် ဓါတ်အားပေးစက်ရုံ ၆ နေရာတည်ဆောက်သွားမည်ဖြစ်ကြောင်း စုစုပေါင်း ဓါတ်အား ၃၉၆ မက်ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ဖေါ် ပြထားပါသည်။

တရုတ် နှင့် နအဖသည် ဝ နှင့် မိုင်းလားနယ်မြေအတွင်း ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရန် ပြင်ဆင်ထားသကဲ့သို့ သျှမ်းပြည်မြောက်ပိုင်း တရုတ်နယ်စပ်မျဉ်းပေါ် သံလွင်မြစ်ရေသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံတခုအား ကိုးကန့်နယ်မြေအတွင်း ဆောက်လုပ်ရန် ၂၀၀၉ ဇွန် – ဇူလိုင် ကတည်းကကွင်းဆင်း လေ့လာခဲ့ရာ လက်တွေ့အကောင်အထည်ဖေါ် ရန်ရှိသော်လည်း တနေရာမှ သဘောတူညီမှုမရသေးဟု အပစ်ရပ်အသိုင်း အဝိုင်းကပြောဆိုသည်။

သျှမ်းသံတော်ဆင့် *12/02/2010*

ဒေသခံများ ရွှေလီရေအား လျှပ်စစ်မီးနှင့် အလှမ်းဝေးဆဲ

သျှမ်းပြည်မြောက်ပိုင်းရွှေလီရေအားလျှပ်စစ်စီမံကိန်း အနီးဝန်းကျင်ရှိ မူစယ် နမ့်ခမ်း ဒေသခံများမှာယနေ့အထိ တရုတ်ပြည်မှ လျှပ်စစ်မီးကို ဈေးကြီးပေး ဝယ်သုံးနေရဆဲ ဖြစ်သည်။

အဆိုပါစီမံကိန်းမှ ၂၀၀၉ ဩဂုတ်လ၌ လျှပ်စစ်မီး စတင်ထုတ်လွှတ်ခဲ့သော်လည်း ဒေသခံများမှာမူ တရုတ်နိုင်ငံမှ လျှပ်စစ်မီးကို တစ်ယူနစ်လျှင် မြန်မာကျပ်ငွေနှစ်ထောင်ကျော်(တရုတ်ငွေ ၁.၄ ယွမ်) နှုန်းဖြင့် ယခင်က အတိုင်းဆက်လက် ဝယ်ယူ သုံးစွဲနေရဆဲ ဖြစ်သည်။

စီမံကိန်းမှထွက်ရှိသည့် စွမ်းအင်ပမာဏ၏ ထက်ဝက်ကိုတရုတ်နိုင်ငံသို့ သွယ်တန်းပို့ရသဖြင့် တရုတ်ပြည်ထံမှ တဆင့်ပြန်ဝယ်နေရ သကဲ့သို့ ဖြစ်နေကြောင်း မူစယ်မြို့ခံတစ်ဦးက ပြောသည်။

"ရွှေလီရေအားလျှပ်စစ် မီးကထွက်နေပြီပဲ၊ ကျနော်တို့ ဒီမှာတော့ လုံးဝမသုံးရသေးဘူး။ ဒီမီးက တရုတ်ပြည်ထဲသွင်းတယ်။ ကျနော်တို့ က တရုတ်ပြည်က ပြန်ဝယ်သုံးနေရတယ် "

"ကျနော်တို့ ဒေသလဲ ရမယ်လို့ ပြောထားခဲ့ပေမယ့် အခုထက်ထိတရုတ်မီးပဲ ဈေးကြီးကြီးနဲ့ သုံးနေရတာ" ဟု သူကပြောသည်။

စာမျက်နှာ 37 သို့

မူးယစ်

ဖမ်းမိ စိတ်ကြွဆေးများ နအဖ လက်ဝေခံများထံမှဖြစ်ကြောင်း ဒေသတွင်း မူးယစ်လေ့လာသူများ ပြောကြား

ဘန်ကောက်မြို့နှင့်စမွတ်ပရာခန်ခရိုင်အတွင်း သယ်ဆောင်လာစဉ်ဖမ်းဆီးရမိခဲ့သည့် စိတ်ကြွဆေး ၃.၆၆ သန်းသည် ထိုင်းအာဏာပိုင်တို့ စွပ်စွဲသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှမဟုတ်ဘဲ နအဖထိန်းချုပ်သည့် နယ်မြေအတွင်းရှိ ပြည်သူ့စစ်နှင့် လက်ဝေခံအဖွဲ့များ၏ပစ္စည်းများဖြစ်ကြောင်း ဒေသတွင်းမူးယစ်ဆေးဝါး လေ့လာစောင့်ကြည့် သူများက ပြောကြားသည်။

သျှမ်းမူးယစ်ဆေးဝါး စောင့်ကြည့်ရေးအဖွဲ့ တာဝန်ခံ ဦးခွန်ဆိုင်းက *"ထိုင်းကဖမ်းမိတဲ့ စိတ်ကြွဆေးတွေဟာ ဝ တပ်ဖွဲ့ လို တိုင်းရင်းသားအဖွဲ့ကြီးတွေဆီက လာတာမဟုတ်ဘူး။ နအဖက မြေတောင်မြှောက်ပေးထားတဲ့တသီးပုဂ္ဂလနဲ့ ပြည်သူ့စစ်အဖွဲ့ တွေဆီကလာတာဖြစ်တယ်။ ဒါပေမယ့် အဖမ်းခံရတိုင်း ဝ အဖွဲ့ ကပါလို့ ပြောလိုက်ရင် ဘာမှထပ်မမေးကြတော့လို့ နယ်စပ်ကနေ လာသမျှ မူးယစ်ဆေးဝါးတိုင်း ဝ အဖွဲ့ ကလို ဖြစ်နေတယ်"* ဟု ခေတ်ပြိုင်သို့ ပြောကြားသည်။

ဖေဖော်ဝါရီ (၃) ရက် ဘန်ကောက်ပို့စ်သတင်းစာ၌ ထိုင်းနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချသည့် မူးယစ်ဆေးဝါးအများစုအတွက် ဝ တပ်ဖွဲ့မှတပ်မှူးတဦးဖြစ်သူ ဝေရှောက်ကန်းတွင် အဓိက တာဝန်ရှိသည်ဟူသော ထိုင်းအာဏာပိုင်တို့၏စွပ်စွဲချက်အပေါ် ဦးခွန်ဆိုင်းက ပြောကြားလိုက်ခြင်း ဖြစ်သည်။

အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအဖို့ မျှော်လင့်ချက်မဲ့လာနေသည့် အခြေအနေကြောင့် လက်နက်ဝယ်ယူဖြည့်ဆည်းနိုင်ရန် မူးယစ်ဆေးဝါးထုတ်လုပ်မှုကိုအရှိန်မြှင့်လုပ်ကိုင်နေကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး (UNODC)၏အစီရင်ခံစာအတိုင်း ထိုင်းအာဏာပိုင်တို့ ပြောကြားခဲ့သည်။

ပြည်တွင်းရှိ မူးယစ်ဆေဝါး လေ့လာနေသူများ၏အဆိုအရ ဘိန်းစိုက်ပျိုးမှု အပါအဝင် စိတ်ကြွဆေးထုတ်လုပ်မှုများပြားလာနေသော ဒေသများသည် နအဖထိန်းချုပ်နယ်မြေ သျှမ်းပြည်တောင်ဘက် စွန်းပိုင်း မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်ဒေသတဝိုက်ရှိ နအဖလက်ဝေခံ ပြည်သူ့စစ်အဖွဲ့တည်ရှိရာ ဒေသများဖြစ်ပြီး ဗမာစစ်တပ်ကလည်း အဆိုပါလုပ်ငန်း မှ ဆက်ကြေးကောက်ဝင်ငွေရှာနေကြကြောင်း သိရသည်။

တာချီလိတ်ရှိမူးယစ်လေ့လာနေသူ လူငယ်တဦးက *"မိုင်းတုံ၊ မိုင်းဆတ်နဲ့ တာချီလိတ်နယ်ထဲမှာ လားဟူပြည်သူ့စစ်အဖွဲ့ ရယ်၊ နမ့်ပုန်ကယ်ဒီဆေးတို့ ရယ်၊ ဟောင်လိတ်က နော်ခမ်းတို့ အုပ်စုရယ်၊ ဟိုမိန်းက မဟာဂျာတို့ အုပ်စုရယ်၊ နမ့်ဇန်က ဂျိုးဆန်းနဲ့ လဲင်းဆိုင်တို့ အဖွဲ့ ရယ် မူးယစ်ဆေးဝါး ထုတ်လုပ်တဲ့နေရာမှာ နာမည်ကြီးတယ်။ မိုင်းတွင်းတိုက်နယ်မှာ နအဖတပ်ရင်း (၅၅၃) နဲ့ (၅၅၄) ဆိုရင် ပုနားကို ဂျင့်ငွဲ့ လားဟူပြည်သူ့စစ်အဖွဲ့ ရဲ့ လာဘ်ထိုးငွေ အမြဲထိုင်စားကြတာဘဲ။ ရင်းမှူးခွဲမှူးအဆက်ဆက်က ဆက်ကြေးကောက်ပြီး သူတို့ ကို ဒီအတိုင်း လွှတ်ပေးထားတာ"* ဟု ပြောကြားသည်။

ဦးခွန်ဆိုင်းက *"ဟိုတုန်းကဆိုရင် ထိုင်းမှာမူးယစ်ဆေးနဲ့ အဖမ်းခံရတိုင်း ခွန်ဆာအဖွဲ့ ကပါလို့ ပြောလိုက်ရင်ပြီးတယ်။ ခွန်ဆာလိုနာမည်ကြီးလာတဲ့ ဝ တပ်ဖွဲ့ ကလည်း အဲဒီနာမည်ပျက်ခံ ဝန်ကြွေးကနေ အခုထိမလွတ်နိုင်သေးဘူး"* –ဟု ရှင်းပြသည်။

ချင်းမိုင်မြို့အခြေစိုက် Office of the Narcotics Control Board (ONCB) မှ ဒါရိုက်တာ Pornthep Eamprapai ကလည်း အဆိုပါရောင်းဝယ်ဖောက်ကားမှု၌ စစ်အစိုးရလက်ဝေခံ လူမျိုးစုငယ်များလည်း ပါဝင်ကြောင်း ပြောကြားခဲ့သည်။

ထိုလူမျိုးစုငယ်များသည် စစ်အစိုးရ၏ တပ်ရိက္ခာ သယ်ယူပို့ဆောင်ရေးမှ ကျေးရွာ၊ လမ်းပိုင်း လုံခြုံရေးအထိ အားကိုးနေရကြောင်း မူးယစ်လေ့လာသူ လူငယ်က ဆိုသည်။

"နအဖက ဒါကို သုံးပြီးတော့ နယ်ခြားစောင့်တပ် လက်မခံတဲ့ အင်အားကြီးအဖွဲ့ တွေကို မူးယစ်ဆေးဝါးအကြောင်းပြပြီး အချိန်မရွေး ဝင်တိုက်နိုင်အောင် စီမံထားတာ။ ပြည်သူ့စစ်အဖွဲ့ တွေ ဒီလိုလုပ်နိုင်ဖို့ လဲ နအဖကိုယ်တိုင် အားပေးနေတယ်။ အဖွဲ့ကြီးတွေကို ဖြိုနိုင်ဖို့ ဒါကို အားကိုးနေရတယ်။ ဒီအချိန်မှာ မူးယစ်ရာဇာဆိုတာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ထဲက မဟုတ်တော့ဘူး။ နအဖကိုယ်တိုင်ပဲဆိုတာ ထုတ်ပြောဖို့ အချိန်တန်ပြီ" – ဟု ဦးခွန်ဆိုင်းက ပြောကြားသည်။

မူးယစ်ဆေးဝါး ဝင်နေသည့် ချင်းရိုင်း၊ ချင်းမိုင်၊ မယ်ဟောင်ဆောင်ခရိုင်နှင့်မျက်နှာချင်းဆိုင် ရှမ်းပြည်အတွင်းနယ်စပ်တဝိုက်၌ ဝ တပ်ဖွဲ့၊ သျှမ်းပြည်တပ်မတော်နှင့် နအဖစစ်တပ်တို့အပြင် နအဖထိန်းချုပ်နယ်မြေအတွင်း ပြည်သူ့စစ်တပ်ဖွဲ့များလည်းရှိကြသည်။

မယ်ဆိုင်နယ်စပ်မှပအိုဝ်းလူငယ်တဦးက *"အရင်တုန်းက တာချီလိတ်ဘက် ပစ္စည်းတွေသယ်ရင်ဝတပ်ဖွဲ့ ကလို့ ပြောလိုက်ရင် ဘယ်သူ့မှ မစစ်တော့ဘူး။ အခုတော့ ပြည်သူ့စစ်အဖွဲ့ ကပါလို့ ပြောမှ အစစ်မခံရတာ "*ဟု ပြောကြားသည်။

ဝီရ *(NEJ 5 /02/2010)*

ဆောင်းပါး

အရှေ့ခြံ ပြည်ထောင်စု (သို့မဟုတ်) လက်ပြောင်း ကိုလိုနီကျွန် ဘဝ

သူသည် ဂ လေးလုံး ဒီမိုကရေစီ လူထုအုံကြွမှုအတွင်း ပါဝင်ခဲ့သောကျောင်းသားတစ်ဦး ... ထိုမှ သျှမ်းလက်နက်ကိုင် သူပုန်ခေါင်းဆောင်ဖြစ်ခဲ့သူ စဝ်ခွန်ကျော် (ခ) ကိုသံချောင်း ။

အချိန်ကား ၂၀၀၃ အတွင်းကဖြစ်၏။ သူနှင့် မီဒီယာသမားများနယ်စပ်တစ်နေရာ၌ တွေ့ဆုံခွင့်ရခဲ့သည် ။

သျှမ်းပြည်အတွင်း လက်နက်ကိုင်တော်လှန်ရေး ခရီးကြမ်းအတွေ့အကြုံများကို သူဖေါက်သည်ချတော့သည် ။

သျှမ်းပြည်သူများ ကြုံတွေ့ခံစားနေရသည့် အဖြစ်အပျက်များဖြစ်သည်။

"သျှမ်းပြည်သူတွေ ခံစားရတဲ့ဒုက္ခတွေက ပြည်တွင်းထဲက လူတွေထက်အများကြီးဆိုးတယ်၊ ဗမာစစ်တပ်က သျှမ်းဆိုရင်မိန်းမ ကလေး လူကြီး ဘုန်းကြီး မခွဲဘူး။ တွေ့သမျှအကုန် နှိပ်စက်တယ် ၊ သတ်တယ်၊ ရွာမီးရှို့ တယ်၊ မုဒိမ်းကျင့်တယ် "

"သျှမ်းတွေဒီလို နှစ်ရှည်လများ ခံစားနေရလို့ သူတို့ ကိုယ်ပိုင်တိုင်းပြည်ထူထောင်ချင်တယ်ဆိုတာ တရားပါတယ်ဗျာ" ဟု နှလုံးသားထဲမှ လေးနက်ယုံကြည်စွာ ဖွင့်အန်သောစကားကို စာရေးသူ ယနေ့တိုင်မေ့မရ နိုင်ပဲရှိ နေသည် ။

စာရေးသူကိုယ်တိုင် တောင်ပေါ် သားတစ်ဦး ဖြစ်၏။ ငယ်စဉ်က ဗမာစစ်တပ်၏ သောင်းကျန်းရမ်းကားမှုကို မျက်ဝါးထင်ထင် မြင်တွေ့ဖူးသည်ကတစ်ကြောင်း၊ သူပြောသော စကားအရှိန်ကြောင့်တစ်ကြောင်း၊ စိတ်ထဲ၌ တဒင်္ဂ ဒေါသူပုန် ထခဲ့ရသည် ။

စဝ်ခွန်ကျော် (ခ) ကိုသံချောင်း

ငယ်စဉ်က အဖြစ်အပျက်တစ်ခုကိုပြေး၍အမှတ်ရလာ၏။ကချင်ပြည်နယ် မိုးလဲချောင်းတစ်လျှောက် သျှမ်းရွာများသို့ဆန်စပါးအရောင်းအဝယ်ကိစ္စတစ်ခု အတွက်ခရီးထွက်ခဲ့စဉ်ကဖြစ်သည် ။

မိုးတွင်းကာလ မိုးကလည်း တစိမ့်စိမ့်ရွာနေ၏။ ရွာသားများ မိုးလဲချောင်းဖြတ်ကူးရန် လှေသမ္ဗာန်ခတ် ကွင်းပြင်နေကြသည် ။

ထိုစဉ်ချောင်းတဘက်ကမ်း၌ ဒိုင်း.... ဒိုင်း ဟု ကျယ်လောင်သော သေနတ်ဖေါက်သံကြားလိုက်ရသောအခါ ရွာသားတစ်စု ကြောက်လန့်မှင်သက်ကြကုန်သည် ။

မကြာမီ ဗမာစစ်တပ်မှ စစ်ဗိုလ်တစ်ဦးက– လှေကို ဒီဘက်ကမ်းယူခဲ့စမ်း ... မကြားဘူးလား ... သေသွားမယ်ဟု အော်ပြောလိုက်သဖြင့် အဆိုပါ လှေဖြင့်ရွာဘက်ကမ်းသို့ ဗမာစစ်သားများအား အရောက်ကြိုပေးခဲ့ရသည် ။

ဗမာစစ်သားများ ရွာထဲရောက်သည်နှင့် ရွာသူကြီးအပါအဝင် လူရှိလူကုန်ဆင့်ခေါ်ကာ စုဝေးခိုင်းပြီး ***မင်းတို့ဘာလူမျိုးတွေလဲ*** ဟူ၍ တစ်ယောက်ချင်းစီ စစ်ဆေးမေးမြန်းလေတော့သည် ။

ရွာသားများက ***သျှမ်း*** ဟု ဖြေကြသည် ။

ကချင်ပြည်နယ်တွင် ကချင်သူပုန်များ ထကြွနေသောကြောင့် ကချင်ဟုဖြေဆိုသူ ရှိခဲ့ပါလျှင် ဗမာစစ်ဗိုလ်မည်သို့ပြုမူမည်ကို ကြိုတင်မသိသော်လည်း ကောင်းမွန်စွာဆက်ဆံမည် မဟုတ်သည်မှာသေချာ၏။

ထိုအချင်းအရာများကား ဤပြည်ထောင်စုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ ဘဝပုံရိပ်အပိုင်းအစတချို့ဖြစ်သည် ။

ယနေ့ဆိုလျှင် ဗမာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင် ချင်း ရှမ်း စသည့် တိုင်းရင်းသား ခေါင်းဆောင်များ ဗြိတိသျှ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရန် ရှမ်းပြည်ပင်လုံမြို့၌ စာချုပ်ချုပ်ဆိုခဲ့ သည်မှာ ၆၃ နှစ်တိုင်ခဲ့လေပြီ ။

အမျိုးသားတန်းတူရေးအပေါ် အခြေခံသော ပြည်ထောင်စုနိုင်ငံတော်သစ်ထူထောင်ရန် တိုင်းရင်းသားများသဘောတူလက်မှတ်ထိုးခဲ့ကြသည့်နေ့ဖြစ်သည်။

သို့သော် ၆၃ နှစ်ကြာလာသည့် တိုင် ပင်လုံစာချုပ်၏ အနှစ်သာရအရထူထောင်မည့် ပြည်ထောင်စုစနစ်ကို ဗမာစစ်ခေါင်းဆောင်များ ကျောခိုင်းပစ်ပယ်လိုက်ရုံမျှမက ဖြောင့်ဖြောင့်ကြီးပင် ဆန့်ကျင်ပြနေသည်။

တစ်ဖက်တွင်အရှေ့ခြံ ပြည်ထောင်စုစနစ်အဖြစ် ဗဟာဗမာတပြည်ထောင်စနစ်ကိုသာ အသက်သွင်းလျက်ရှိသည်။

ပြည်ထောင်စုနေ့တွင် နိုင်ငံတဝှမ်း၌ လက်ရှိ စစ်အာဏာရှင် ထိပ်သီးကြီး သန်းရွှေ၏ မိန့်ခွန်းတိုကိုသာ ရွတ်ဖတ်ပြီး ပြည်သူတို့အား အဓမ္မတက်ရောက်နားထောင်ခိုင်းသည့် အဆင့်သို့ရောက်လာသည်။

၅ မိနစ်ကြာစစ်အာဏာရှင်ကြီး၏ မိန့်ခွန်းတိုမှာ ပြည်ထောင်စုဖြစ်ပေါ်လာသည့် သမိုင်းကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အခန်းကဏ္ဍလုံးဝထည့်သွင်းထားခြင်း အလျဉ်းမရှိတော့ပေ။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းခဲ့သော ပြည်ထောင်စု၏ အနှစ်သာရများကို ပြည်ဖုံးကားချ မြေမြှုပ်လိုက်ခြင်းဖြစ်သည်။

လွတ်လပ်ရေးနှင့်အတူ ကျူးကျော်စစ်/ပြည်တွင်းစစ် ပေါ်ပေါက်ခဲ့ရခြင်းမှာ ပြည်ထောင်စုမူကိုအကောင်အထည် မဖော်နိုင်သောကြောင့် ဖြစ်သည်။

တိုင်းပြည်လည်း ဖွတ်ကျောပြာစု ဘဝဖြင့် ကုန်းကောက်စရာမရှိ စိစိညက်ကြေခဲ့ရပြီး တိုင်းရင်းသားတို့ အခွင့်အရေးဆိုသည်မှာလည်း စစ်ဖိနပ်အောက် ပြားပြားမှောက်ခဲ့ရ၏။

ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံစာချုပ်သဘောတူညီချက်မှမျှော်မှန်းသော နိုင်ငံတော်သစ်ကြီးမှာတပြည်ထောင်စနစ်မဟုတ်ပဲ ပြည်ထောင်စုစနစ်ဖြင့်သာ ဖွဲ့စည်းရမည် ဖြစ်ကြောင်းရှင်းရှင်းလင်းလင်း လမ်းညွှန်ခဲ့သည် ။

“ပြည်ထောင်စုနိုင်ငံတော်ဆိုကတည်းက ကျနော်တို့အခုဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေဟာ unitary constitution လူမျိုးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးမဟုတ်ပဲနဲ့ လူမျိုးပေါင်းစုံ ပြည်ထောင်စုနိုင်ငံဆိုတဲ့ အဓိပ္ပါယ်ရောက်သွားပါတယ် ”

ဗိုလ်ချုပ်၏ထိုထက်လေးနက်သောရှင်းလင်းချက်မှာ အမျိုးသားပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုဖွဲ့စည်းရာ၌ အခြေခံရမည့်မူမှာ တန်းတူရေး principle of equality ဖြစ်ကြောင်း တင်ပြခဲ့ရုံမက တန်းတူမှုလွတ်လပ်မှု ပို၍ခိုင်မာစေသောအချက် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခွဲထွက်ပိုင်ခွင့် ပြဋ္ဌာန်းချက်ဖြစ်သည်။

ခွဲထွက်ခွင့်ဆိုသည်မှာ အမျိုးသားပြည်နယ်များအဖို့ မိမိဆန္ဒအလျောက် ပြည်ထောင်စုအတွင်းပါဝင်လာကြသကဲ့သို့ ပြည်ထောင်စုအတွင်းပါဝင်ခြင်းဖြင့် အကျိုးမရှိဟု ယူဆသောအခါ မိမိဆန္ဒအလျောက်လွတ်လပ်စွာ ခွဲထွက်နိုင်သည့်အဓိပ္ပါယ်ဖြစ်သည် ။

မဟာဗမာစစ်ဝါဒီများက ခွဲထွက်ခွင့်ကိုလက်ညှိုးထိုး၍ တိုင်းရင်းသားများအပေါ် ဝါဒမှိုင်းတိုက်ဖိနှိပ်သတ်ဖြတ်နေခြင်းသည် လုံးဝမှားယွင်းသော တဖက်သတ်လုပ်ရပ်ဖြစ်သည် ။

မည်သည့် လူမျိုးမဆို ကိုယ့်လူမျိုး ဘာသာ သာသနာ စာပေယဉ်ကျေးမှုများ မပျောက်မပျက် ထိန်းသိမ်းနိုင်စေရန် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရလိုသူချည်း ဖြစ်၏။

သို့အတွက်လည်း ဗြိတိသျှကိုလိုနီလက်အောက်မှလွတ်မြောက်ရန် ဗမာအပါအဝင်တိုင်းရင်းသားများ အတူတကွ လွတ်လပ်ရေးရယူခဲ့ခြင်းဖြစ်သည်။

တကယ့်လက်တွေ့အခြေအနေအရ တိုင်းရင်းသားတို့၏ဘဝမှာ ဗြိတိသျှကိုလိုနီလက်အောက်မှ မဟာဗမာစစ်ကိုလိုနီ လက်အောက်သို့ပြောင်းလဲသက်ရောက်လာသည်နှင့်မခြားဟုဆိုလျှင် လွန်မည်မထင်ပေ ။

အဘယ့်ကြောင့်ဆိုသော် ယနေ့တိုင်းရင်းသားများ ကြုံတွေ့ခံစားနေရသည့် အခြေအနေသည် ဗြိတိသျှ ကိုလိုနီလက်အောက်တွင်နေခဲ့ရသည်ထက် ပိုမိုဆိုးရွားနေသောကြောင့် ဖြစ်သည် ။

ကျွန်ဖြစ်ရသည်ဆိုလျှင် မည်သူ့ကျွန်ဖြစ်စေ အဖိနှိပ်ခံဘဝ၌သာကျရောက်ရသောကြောင့်မကောင်းပေ။ ကိုယ့်နယ်ကိုယ့်မြေ အတွင်းလွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက် ပိုင်ခွင့် မရှိသောဘဝကား ကျွန်ဖြစ်သည်နှင့်အလားတူကြောင်း တင်ပြလိုက်ရပါသည်။

မိုင်းမော(ဝ်) မှ စိုင်းသြ *(12.2.2010)*

ပင်လုံစိတ်ဓါတ်ဟာ ယုံကြည်မှု၊ ညီညွတ်မှု၊ ဖြောင့်စင်းမှုစိတ်ဓါတ်–ဒေါ်စု

တိုင်းရင်းသားတွေ ချစ်ကြည်ပေါင်းစည်း လွတ်လပ်စွာ နေထိုင်ကြဖို့ ကတိပြုကြပြီး ပင်လုံစာချုပ် ချုပ်ဆိုကြတဲ့ နေ့ဟာ ပြည်ထောင်စုနေ့ပါ။ အင်္ဂလိပ်ကိုလိုနီလက်အောက်ကနေ လွတ်လပ်ရေးယူပြီး အခွင့်အလုမ်းတူ ပြည်ထောင်စုထူထောင်ကြမယ်ဆိုပြီး ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်နေ့ သျှမ်းပြည်တောင်ပိုင်း ပင်လုံမြို့မှာ တဘောတူညီချက် ၉ ချက် ချုပ်ဆိုခဲ့ကြတာပါ။

အဲဒီစာချုပ်ကို ခေါင်းဆောင် ၂၂ ဦး လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပင်လုံစာချုပ်နဲ့ပင်လုံစိတ်ဓါတ်ဆိုတာ မြန်မာနိုင်ငံအတွက်အလွန်အရေးပါလို့ ပင်လုံစိတ်ဓါတ်နဲ့ပတ်သက်ပြီး မြန်မာ့ဒီကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောဆိုခဲ့ပါတယ်။

“ပင်လုံစိတ်ဓါတ်ဆိုတာ အားလုံးကို တန်းတူညီတူ ဆက်ခံတဲ့စိတ်ဓါတ်ဘဲ။ အားလုံး သူ့တန်ဖိုးနဲ့ သူရှိတယ်ဆိုတာ လက်ခံတဲ့ စိတ်ဓါတ်ဘဲ။ လူများစုမို့လို့ အင်အားရှိတယ်ဆိုတာလက်မခံဘူး၊ လူနည်းစုမို့လို့ အရေးမပါဘူးဆိုတာ ကျမတို့ လက်မခံဘူး။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တန်းတူညီတူအခွင့်အရေးရှိရမယ်ဆိုတဲ့မူပေါ် မှာ အခြေခံပြီးတော့ ပင်လုံစိတ်ဓါတ်ပေါ် လာတာဖြစ်တယ်။ နောက်ဆုံးတော့ ပင်လုံစိတ်ဓါတ်ဟာ တဦးကိုတဦး ယုံကြည်နိုင်တဲ့စိတ်ဓါတ်၊ ညီညွတ်မှုဆို တာဘာကိုအခြေခံသလဲ။ ယုံကြည်မှုအပေါ် အခြေခံတာဘဲ။ ကိုယ်မယုံကြည်နိုင်မယ့်လူနဲ့ ကိုယ်ဘယ်လို ညီညီညွတ်ညွတ်ပေါင်းနိုင်မလဲ။ ကျမတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ လွတ်လပ်ရေးယူခဲ့တဲ့ ခေါင်းဆောင်တွေကို ယုံကြည်လို့၊ ဒီခေါင်းဆောင်များရဲ့ စေတနာကို ယုံကြည်လို့၊ ဒီခေါင်းဆောင်များဟာ သူတို့ပေးတဲ့ကတိအတိုင်းလုပ်ဆောင်မယ်ဆိုတာယုံကြည်လို့ ပင်လုံစာချုပ်ဆိုတာဖြစ်ပေါ် လာတာဖြစ်တယ်။ အဲဒ့ါကြောင့် ပင်လုံစိတ်ဓါတ်ဆိုတာ ယုံကြည်မှုစိတ်ဓါတ်၊ ညီညွတ်မှုစိတ်ဓါတ်၊ ဖြောင့်စင်းမှုစိတ်ဓါတ်လို့ ကျမတို့ ပြောရမှာပါဘဲ”

ပင်လုံစာချုပ် ချုပ်ဆိုခဲ့တုန်းက မြစ်ကြီးနားမြို့ကိုယ်စားလှယ်အဖြစ် လေ့လာသူတယောက်အဖြစ်တက်ခွင့်ရတဲ့ ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတူဝါဇော်အောင်က အခုလိုပြောပါတယ်။

“ဗိုလ်ချုပ်က ဖေဖော်ဝါရီ ၈ ရက် ၉ နာရီလောက်မှာ ပင်လုံကိုရောက်လာတာ၊ ကချင်ရယ် သျှမ်းရယ် ချင်းရယ်သဘောတူညီချက်တွေ ဗိုလ်ချုပ်ကိုတင်ပြတယ်။ ဗိုလ်ချုပ်က စိတ်ဝင်တစားကြည့်တယ်။ လိုအပ်တာကို ၈ ရက်မနက် ၉ နာရီကနေစညှိတယ်။ ၉ ရက်နေ့ နေ့လည်စာစားချိန်အထိညှိလို့ မရတဲ့အခါကျတော့ ဗိုလ်ချုပ်နဲ့ ပါလာတဲ့ ဗမာခေါင်းဆောင်တစ်ယောက်က ***‘ ဗိုလ်ချုပ်ရဲ့ ပင်လုံအခြေအနေဟာ အောင်မြင်မယ့်အနေအထားမရှိဘူး။ ဒါကြောင့် ပြန်တာကောင်းမယ်ထင်တယ်’*** *လို့ သူပြောတယ်။ဗိုလ်ချုပ်က* ***‘ကျနော်တို့တောင်တန်းသားတွေနဲ့ပြန်ဆုံဖို့ခက်တယ်။ ခုနက ဆွေးနွေးတဲ့ဟာတွေကို ကျနော်တို့ဆက်ဆွေးနွေးမယ်’*** *ဆိုပြီးတော့ နောက်ဆုံးဗိုလ်ချုပ်ကမေးတယ်* ***‘ခင်ဗျားတို့ရဲ့ သဘောတူညီချက် တောင်းဆိုချက်တွေထဲမှာ ၅ ချက်ကခွဲထွက်ရေးတောင်းဆိုမှုတွေဖြစ်နေတယ်။ အဲဒီခွဲထွက်ရေးဆိုတာတွေဟာ ခင်ဗျားတို့သဘောနဲ့တောင်းဆိုတာလား။ ဒါမှမဟုတ် တခြားပယောဂတွေရှိသလား’*** *လို့မေးလာတယ်။ အဲ့တော့ ကချင်တွေရော ရှမ်းတွေရော ချင်းတွေရော ဗိုလ်ချုပ်ကိုပြောတယ်။* ***‘ကျနော်တို့ဘာပယောဂမှ မရှိပါဘူး။ အခုလိုခွဲထွက်ခွင့်တွေပါရခြင်းကတော့ တကယ်လို့ လွတ်လပ်ရေးရပြီးတဲ့နောက်မှာ တရားမျှတစွာမအုပ်ချုပ်ဘဲနဲ့ မတရားမှုတွေဖြစ်လာရင်တော့ ကျနော်တို့ခွဲထွက်မယ်။ ကျနော်တို့ ခွဲထွက်ချင်စိတ်မရှိပါဘူး။ပြည်ထောင်စုမှာ အေးအေးချမ်းချမ်းနဲ့ နေချင်တယ်။ ခင်ဗျားက ဖဆပလမှာတာဝန်ယူမလား၊ ကျနော်တော့ဗိုလ်ချုပ်တို့နဲ့ ခွဲမထွက်ဘူး’*** *လို့ ပြန်တင်ပြတယ်။ အဲတော့ ဗိုလ်ချုပ်ကသဘောပေါက်သွားပြီ။ တအားမစိုးရိမ်နဲ့ – ဆိုပြီးညှိလို့ရသွားတယ်။ ဗမာတို့နဲ့ အရှိအတိုင်းဘဲ အခွင့် အရေးတူရတဲ့ ဒီမိုကရေစီကျကျရှိရမယ်တဲ့။”*

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ရဲ့ အမြဲတမ်း ဗဟိုကော်မတီဝင် ဦးရေမွန်ထူးက တိုင်းရင်းသားတွေလိုချင်တဲ့ မြန်မာနိုင်ငံဆိုတာကို အခုလို ပြောပါတယ်။

“ပင်လုံစာချုပ်ဖြစ်လာပြီးတဲ့နောက် ပြည်ထောင်စု မြန်မာနိုင်ငံဆိုတာပေါ် ပေါက်လာတာဖြစ်ပါတယ်။ အဲဒီအတိုင်းဖြစ်လာမယ်လို့ လူတွေကယုံကြည်ကြလို့ လွတ်လပ်ရေးကြိုးပမ်းလာတာ။ ဒါပေမယ့် ပြည်ထောင်စုပုံစံပီပီပြင်ပြင် မပေါ် ပေါက်လာတဲ့ခါကျတော့ တိုင်းရင်းသားခေါင်းဆောင်တွေက ၁၉၄၇ အခြေခံဥပဒေပြန်လည်သုံးသပ်ဖို့လိုတယ်ဆိုပြီး ၁၉၆၁ တောင်ကြီးမှာတခါ ရန်ကုန်မှာတခါ ညီလာခံ တွေခေါ်ကြတယ်။ ညီလာခံမှာတက်ရောက်တဲ့ခေါင်းဆောင်တွေဟာ ၁၉၄၇ ဖွဲ့စည်းပုံအရ ၁၀ နှစ်ပြည့်ရင် ခွဲထွက်လိုကခွဲထွက်နိုင်တယ်လို့ ပါပေမယ့် ဒီကိစ္စကိုမပြောကြပါဘူး။သူတို့ ပြောကြတာတွေက အနာဂါတ်မှာပြည်ထောင်စုကြီး စုပေါင်းတည်ထောင်မယ်။ ပြည်ထောင်စုစစ်စစ်မူရေးဆွဲမယ် ဆိုတဲ့ ညီလာခံပါဘဲ။ ဒါပေမယ့်ဗိုလ်ချုပ်နေဝင်းက ဒီတိုင်းရင်းသားခေါင်းဆောင်တွေ ပြည်ထောင်စုကိုဖြိုခွဲမယ့်လူတွေဘဲဆိုပြီး အစည်းအဝေးတက်ရောက်လာသူ အားလုံးကို ဖမ်းဆီးထောင်ချတယ်။ အဲဒီလိုလုပ်ကတည်းက ပြည်ထောင်စုဆိုတဲ့နာမည်ခေါ် တာ လုံးဝမကိုက်တော့ဘူး။ အမှန်တော့ ပင်လုံစာချုပ်အတိုင်းလုပ်မယ်ဆိုရင် စစ်တပ်ကတိုင်းပြည်ကို အုပ်ချုပ်ဖို့ မလိုအပ်ဘူး။ တကယ်တမ်း ပြည်ထောင်စုစစ်စစ် လုပ်ပစ်လိုက် ၊ တိုင်းပြည်အေးအေးချမ်းချမ်းဖြစ်ပြီးတော့ တိုးတက်လာမှာအမှန်ဘဲ ”

ပင်လုံစိတ်ဓါတ်နဲ့ပါတ်သက်ပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောဖူးတဲ့စကားနဲ့တိုင်းရင်းသားတွေဟာ ခွဲထွက်ရေးတောင်းဆိုနေတာမဟုတ်ဘဲ အားလုံးတန်းတူအခွင့်အရေးရှိတဲ့ ပြည်ထောင်စုနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ဖို့ ပြောကြတာဖြစ်ကြောင်း ၆၃ နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တင်ပြလိုက်ရပါတယ်။

ကိုနေရိန်ကျော်
RFA *(12 Feb 2010)*

NLD/SNLD မပါလျှင် ဒီမိုကရေစီဦးတည်သည့် ရွေးကောက်ပွဲမဟုတ်

ဖေဖော်ဝါရီ ၇ ရက် သျှမ်းပြည်တပ်မတော်ဌာနချုပ် လွယ်တိုင်းလျဲန်းဌာနချုပ်၌ ကျင်းပသော ၆၃ နှစ်မြောက် သျှမ်းပြည်အမျိုးသားနေ့ အခမ်းအနားအပြီး သတင်းစာရှင်းလင်းပွဲတရပ်ကျင်းပရာ ထိုင်းနိုင်ငံမှ မီဒီယာများအပြင် ပြည်ပမီဒီယာတချို့ပါတက်ရောက်ခဲ့သည်။ သျှမ်းသံတော်ဆင့်မှလည်း တက်ရောက်ခွင့်ရခဲ့သဖြင့်သတင်းဌာနများ မေးမြန်းမှုအပေါ် RCSS ဥက္ကဋ္ဌ ဒု – ဗိုလ်ချုပ်ကြီးယွက်စစ် ဖြေကြားချက်များအား ကောက်နှုတ်တင်ပြလိုက်ရပါသည်။

Photo : SKH (SHAN)

စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲ တကယ်ကျင်းပမယ့်အနေအထား တွေ့ရလား?

စစ်အစိုးရက မဖြစ်ဖြစ်အောင် ကျင်းပမယ့်အခြေအနေရှိတယ်။ ဒါပေမယ့် NLD ခေါင်းဆောင်၊ SNLD ခေါင်းဆောင်တွေလွှတ်မပေးဘဲ ရွေးကောက်ပွဲကျင်းပတယ်ဆိုတော့ဒီမိုကရေစီကိုဦးတည်တဲ့ ရွေးကောက်ပွဲမဟုတ်ဘူးလို့ ယူဆတယ်။

ရွေးကောက်ပွဲ ပြီးရင်ဘယ်လိုဖြစ်လာမယ်လို့ထင်ပါသလဲ?

အနှစ်သာရ မပြောင်းလဲရင် ဘာမှထူးခြားလာမှာမဟုတ်ဘူး။ တိုက်ပွဲတွေဘဲတိုးလာမယ် ကျူးကျော်စစ်/ပြည်တွင်းစစ်မီးထပ်တောက်လောင်မယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့တိုင်းရင်းသားနဲ့ ဒီမိုကရေစီရေးလှုပ်ရှားနေသူ အဖွဲ့အစည်းတွေကဘဲတဖက်သတ်ကြိုးစားနေတာ။ စစ်အစိုးရက နိုင်ငံရေးပြဿနာဖြေရှင်းချင်တဲ့ဆန္ဒနဲ့ ရည်ရွယ်ချက်မရှိဘူး။ စစ်အုပ်စု အဓိကထားတာ ၃ ချက်ဘဲရှိတယ်။ (၁) စစ်အင်အားတိုးချဲ့ဖို့။ (၂) တိုင်းရင်းသားအချင်းချင်းစိတ်ဝမ်းကွဲအောင်၊ သပ်လျှိုဖွဲ့ထုတ်စည်းရုံးဖို့ နဲ့ဆက်လက်ဖြိုခွဲဖို့။(၃) ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဖမ်းဆီး ချုပ်နှောင်ထောင်ချဖို့– ဆိုတာပါဘဲ။

အခြေအနေ တမျိုးတဖုံပြောင်းလဲလာရင် RCSS အနေနဲ့ တခြားအဖွဲ့အစည်းတွေနဲ့ ဘယ်လိုလက်တွဲဖို့ စီစဉ်ထားပါသလဲ?

အကောင်းဆုံး ဖြစ်အောင်တော့ စီစဉ်နေတယ်။ မဟာမိတ်အဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်ဖို့ အချင်းချင်းအပြန်အလှန်ကူညီပံ့ပိုးဖို့လိုအပ်တယ်။ အဲလိုလုပ်ဖို့လဲ သဘောတူညီမှုတချို့ရထားပြီးပြီ။ ဘယ်လိုနည်းနဲ့ လက်တွဲလှုပ်ရှား မလဲဆိုတာကတော့ အချင်းချင်း ထပ်မံညှိနှိုင်းရဦးမယ်။

တခြားအဖွဲ့အစည်းတွေနဲ့ လက်တွဲပူးပေါင်းဖို့ RCSS အနေနဲ့ဘယ်လိုကန့်သတ်ချက်တွေရှိပါသလဲ။

မရှိပါဘူး။ အနာဂတ်မှာလက်တွဲဖို့ ဝ တို့ မိုင်းလားတို့အပစ်ရပ် SSAတို့ကမူအရထောက်ခံတယ်။သူတို့ကိုအချိန်ပေးဖို့ နားလည်ပေးဖို့ တောင်းထားတယ်။ အခုတော့ ထုတ်ဖော်ဖို့မရသေးဘူးလေ။ NLD နဲ့တော့တိုက်ရိုက်ဆက်သွယ်မှုမရှိခဲ့ဘူး။ ပြည်ပက ABSDF တို့ NCUB တို့နဲ့ ဆက်သွယ်နိုင်ခဲ့ပေမယ့် ဆွေးနွေးညှိနှိုင်းကြတော့ ဆုံးဖြတ်ချက်တွေတိတိကျကျ မချရသေးပါဘူး။ အချင်းချင်းနားလည်မှုပိုရလာပါတယ်။ မူအားဖြင့်သဘောတူ ထားတယ်။ တချို့ပုဂ္ဂိုလ်အဖွဲ့အစည်းလဲ မဟာလူမျိုးကြီးဝါဒ ရှိနေတုန်း။ ကျနော်တို့ကတော့ မိမိသျှမ်းပြည်အမျိုးသားအခွင့်အရေးအတွက် တိုက်ပွဲဝင်နေတဲ့ သူတွေဖြစ်ပါတယ်။

လက်ရှိထိုင်းအစိုးရက SSAအပေါ် ပြတ်သားတဲ့ပေါ်လစီရှိတယ်လို့ ထင်ပါသလား။

ကျနော်တို့ထိုင်းနယ်ထဲမှာနေတာမဟုတ်တဲ့အတွက် ကျနော်တို့အပေါ် ထိုင်းအစိုးရဘယ်လိုသဘောထားတယ်ဆိုတာ တိတိကျကျ မသိရပါဘူး။ ဒါပေမယ့်အပြန်အလှန်မီခိုသွားကြဖို့တော့ဆန္ဒရှိတယ်။ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆက်လက်ဆောင်ရွက်သွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

မိုင်းလားအထွေထွေအတွင်းရေးမှူးလုပ်ကြံခံရမှုကြောင့် အပစ်ရပ်အဖွဲ့တွေ နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ အခြေအနေဘယ်လိုဖြစ်လာနိုင်သလဲ။ ပိုမိုတင်းမာလာမလား ဒါမှမဟုတ် အလျှင်စလိုသဘောတူလိုက်မလား။ ဘယ်လိုမြင်ပါသလဲ?

သူတို့ကိုယ်စား ကျနော်ဖြေပေးလို့မရပါဘူး။

(Thai PBS ရုပ်မြင်သံကြား) သျှမ်းပြည်မှာ မူးယစ်ဆေး ပိုမိုထုပ်လုပ်လာတယ်လို့ သတင်းကြားရပါတယ်။ ဒီကိစ္စအပေါ် RCSS/SSA အနေနဲ့အရင်ကလိုတက်ကြွလှုပ်ရှားတာသိပ်မတွေ့ရဘူး။ ဘာကြောင့်ပါလဲ။?

မူးယစ်ကုန်သည်တွေကိုသွားပစ်ခတ်ပြပြီး ခဏခဏသတင်း

ထုတ်ပြန်တာကိုပြောတာလား။ သျှမ်းပြည်မှာ မူးယစ်ဆေးဝါးပိုထွက်တယ်ဆိုတာ အဓိကအကြောင်းရင်း သုံးရပ်ရှိပါတယ်။ (၁) တိုင်းသူပြည်သား စားဝတ်နေရေး ချောင်လည်အောင် စစ်အစိုးရကဘာမှမထူထောင်ပေးနိုင်လို့ (၂) ပြည်သူလူထုရဲ့ လယ်ယာထွက်ကုန် ကောက်ပဲသီးနှံတွေ ဈေးကွက်မရှိဘူး။ စစ်အစိုးရက သူ့စစ်တပ်အတွက် ဒါမှမဟုတ်ပြည်ပတင်ပို့ရောင်းချဖို့လောက်ဘဲ လယ်သမားတွေဆီက အခမ့်ဈေးနှိမ် ဝယ်ယူတယ်။ လူထုကစားမလောက်တော့လို့ ဘိန်းစိုက်ပျိုးလာရတယ်။ ကျေးလက်လူထုက အမြဲတမ်းလိုလို အခမ့်လုပ်အားဆင့်ခေါ်ခံနေရတော့ အချိန်တိုတိုအတွင်းဝင်ငွေရစေတဲ့ ဘိန်းကို စိုက်ပျိုးလာရတာဖြစ်တယ်။ ဘိန်းမစိုက်တဲ့လူတွေလဲ ထိုင်းနယ်စပ်ဆီထွက်ပြေး တိမ်းရှောင်ကြတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ သျှမ်းပြည်မှာဘဲဖြစ်နေတာမဟုတ်ပါဘူး။ ကမ္ဘာနဲ့အဝှမ်းဖြစ်နေတာပါ။ စစ်အစိုးရဆိုရင် ပြည်သူ့စစ်တွေဘိန်းချနေတာကို ဒီတိုင်းဘဲလွှတ်ထားနေတာဘဲ။ ကျနော်တို့ဘက်ကလဲ တတ်နိုင်သလောက်တော့နှိမ်နင်းတိုက် ဖျက်ခဲ့တာပါဘဲ။ ကမ္ဘာ့အဖွဲ့အစည်းတွေကလဲ ကျနော်တို့ကို စိတ်ဝင်စားပုံမပေါ်ဘူး။ တုန့်ပြန်မှုသိပ်မတွေ့ရဘူး။

RCSS/SSA နှစ်ပတ်လည်အစည်းအဝေးတွေ၊ သျှမ်းပြည်ကွန်ကရက် ညီလာခံတွေ ဘာဆုံးဖြတ်ချက်တွေ ချရခဲ့သလဲ။?

ကျနော်တို့ထိန်းချုပ်နယ်မြေအသီးသီးက တင်ပြကြတဲ့ နှစ်ချုပ်လုပ်ငန်းအစီရင်ခံစာတွေကိုသုံးသပ်ပြီး ပြန်လည်ဆွေးနွေးကြတယ်။ ပြုပြင်စရာရှိတာတွေပြုပြင်တယ်။ ပြည်သူလူထုကိုအရင်ကထက်ပိုပြီး အသိပညာတွေပေးဖို့သတင်းအချက်အလက်တွေဖြန့်ဝေပေးဖို့ စီမံချက်တွေချတယ်။ တခြားအဖွဲ့အစည်းတွေနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ဖို့ ရင်းနှီးမှု ပိုမိုရရှိစေဖို့ ဆက်လက်ကြိုးပမ်းသွားမယ်။

စစ်သားစုဆောင်းရေးစနစ်မှာကော ဘယ်လိုအခြေအနေရှိလဲ?

အသက် ၁၈ နှစ်ပြည့်ပြီးသူတွေကို ၅ နှစ်စစ်မှုထမ်းဖို့ဆင့်ခေါ်တယ်။ အသက် ၁၈ နှစ် မပြည့်သေးတဲ့ကလေးတွေ မိမိသဘောအရရောက်လာရင် ဌာနချုပ်မှာလက်ခံထားပြီး ကျောင်းထားပေးတယ်။ အသက် ၁၈ နှစ်ပြည့်ပြီးမှ စစ်မှုထမ်းခွင့်ပြုတယ်။

စစ်အစိုးရကဖိနှိပ် အနိုင်ကျင့်လို့ ထိုင်းဘက်ကို သျှမ်းပြည်သားတွေ သိန်းချီထွက်ပြေးလာကြတယ်။ သူတို့တွေကော တော်လှန်ရေးတပ်ထဲ မဝင်ဘူးလား?

ကျနော်တို့ တတ်နိုင်သလောက် သူတို့တွေကို ချဉ်းကပ်စည်းရုံး ဖိတ်ခေါ်ပါတယ်။ ဒီ ၅ နှစ် ၁၀ နှစ်မှာမှ အယောက် ၁၀၀ လောက်ဘဲ စိတ်ဝင်စားပြီး ရောက်လာကြတယ်။

(မတိချွန်းသတင်းစာ) ကမ္ဘာ့အဖွဲ့အစည်းတွေကို ဘာပြောချင်သလဲ?

ကမ္ဘာ့နိုင်ငံအသီးသီးမှာရောက်နေတဲ့ သျှမ်းပြည်သားတွေကို မှာချင်ပါတယ်။ သျှမ်းပြည်မှာကျန်နေတဲ့ သျှမ်းပြည်သားတွေရဲ့ ဘဝကို ငဲ့ကြည့်လှည့်ပါ။ တတ်နိုင်သလောက်ကူညီထောက်ပံ့ပါ။ သျှမ်းပြည်အမျိုးသားနေ့ဟာ ပင်လုံစာချုပ်ကိုဖြစ်ပေါ်စေတဲ့နေ့ဖြစ်တယ်။ ပင်လုံစာချုပ်ကနေ သဘောတူညီမှုရလို့ ပြည်ထောင်စုဆိုတာ ဖြစ်လာတာပါ။ အင်္ဂလိပ်တွေသက်သေဖြစ်ပါတယ်။ မီဒီယာကနေတဆင့် ကမ္ဘာသိအောင်ပြောပြပေးကြပါ။ စစ်အစိုးရကကျင်းပမယ့် ရွေးကောက်ပွဲဟာ ဒီမိုကရေစီကိုဦးတည်မှာမဟုတ်ပါဘူး။ ကမ္ဘာက စောင့်ကြည့်အကဲခတ်ဖို့ တောင်းဆိုချင်ပါတယ်။❑

သျှမ်းသံတော်ဆင့် *10/02/2010*

သျှမ်းပြည်အတွက် တိုက်ပွဲဝင်ဖို့ SSA ခေါင်းဆောင် အခိုင်အမာပြော

ဖေဖော်ဝါရီ ၇ ရက် **SSA** ရှမ်းပြည်တပ်မတော်ဌာနချုပ် လွိုင်တိုင်းလျဲန်းမှာ **SSA** တပ်ဖွဲ့ဝင်တွေ ၆၃ ကြိမ်မြောက် ရှမ်းပြည်အမျိုးသားနေ့အခမ်းအနား ကျင်းပခဲ့ပါတယ်။ ရှမ်းလက်နက်ကိုင် တပ်ဖွဲ့ဝင် ၁,၀၀၀ လောက် စစ်ကြောင်းတွေခွဲပြီး အခမ်းအနားမှာ ချီတက်ခဲ့ပါတယ်။ အခမ်းအနားမှာ ၁၉၄၇ က ရှမ်းပြည်အတွက် သီးသန့်သတ်မှတ်ထားတဲ့ အလံကို လွှင့်ထူထားပါတယ်။

SSA ခေါင်းဆောင် စဝ်ရွက်ဆစ်(**Yawd Serk**)ကတော့ **M 16- AK 47** မောင်းပြန်သေနတ်တွေကိုင်ထားတဲ့ တပ်ဖွဲ့ဝင်တွေကို မိန့်ခွန်းပြောခဲ့ပါတယ်။

ဒီအချိန်ဟာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့စစ်အစိုးရအကြား တင်းမာမှုတွေ ပိုပြီးကြီးထွားလာနေတဲ့အချိန် ဖြစ်သလို အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲဖို့ စစ်အစိုးရကဖိအားပေးနေတဲ့အချိန်နဲ့လည်းတိုက်ဆိုင်နေပါတယ်။

ထိုင်းနယ်စပ်အခြေစိုက် သျှမ်းသံတော်ဆင့် သတင်းအယ်ဒီတာချုပ် ဦးခွန်ဆိုင်းက ဒီလို လက်နက်ကိုင် လမ်းစဉ်ကို မစွန့်နိုင်သေးတာဟာ စစ်အစိုးရရဲ့ ရွေးကောက်ပွဲနဲ့ နိုင်ငံရေးအပြောင်းအလဲတွေက တိုင်းရင်းသားတွေရဲ့ တန်းတူရေးအခွင့်အရေးတွေကို အာမခံနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်တဲ့အကြောင်း အခုလို ပြောပြပါတယ်။

“၂၀၁၀ ရွေးကောက်ပွဲက ဖြစ်မယ် ထင်တယ်။ သို့သော်လည်း ၁၉၉၀ မှာ အနိုင်ရခဲ့တဲ့ NLD တို့၊ SNLD တို့ရဲ့ ခေါင်းဆောင်တွေက ထောင်ထဲမှာရှိနေတုံးဆိုတော့ ဒီရွေးကောက်ပွဲကဘာအဓိပ္ပာယ်ရှိမှာလဲ၊ အဲဒီလိုမေးခွန်းထုတ်ကြပါတယ်။ ဒီနည်းနဲ့ ဒီမိုကရေစီတည် ဆောက်မယ်ဆိုရင် ဆုံကြီးကိုတောင်ပေါ်တွန်းတင်တာနဲ့ အတူတူပဲလို့ မြင်တယ်။”

တိုက်ပွဲဝင်ဆဲ **SSA** ဟာ စစ်အစိုးရနဲ့ အပစ်အခတ် ရပ်စဲထားတဲ့အဖွဲ့တဖွဲ့မဟုတ်တဲ့အတွက် စစ်အစိုးရဘက်က နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲဖို့ ကမ်းလှမ်းထားတဲ့အထဲမှာ မပါပါဘူး။

ဦးခွန်ဆိုင်းကတော့ အပစ်ရပ်တိုင်းရင်းသား အဖွဲ့တွေအပေါ် စစ်အစိုးရချဉ်းကပ်ပုံတွေက တဖွဲ့နဲ့တဖွဲ့ မတူဘူးလို့ပြောပါတယ်။

"သူတို့ မူအရ လက်ခံတယ်လို့ ဒီလိုပဲရှိတယ်။ နအဖက မူအရလက်ခံတယ်ဆိုရင်လဲ ဒါက လက်ခံတာပဲဆိုပြီးတော့ သူတို့ကိုပြည်သူ့စစ်တပ်ဖွဲ့တွေ ဖွဲ့ဖို့ ညွှန်ကြားလာတာပဲ။ မူအရ လက်ခံတယ်ဆိုပေမဲ့ ဝ တပ်ဖွဲ့ကို ဘာမှ မဆွေးနွေးတော့ဘူး။ SSA ကျတော့ မူအရ လက်ခံတယ်ဆိုရင်ဖွဲ့ဖို့ ပြင်တော့ဆိုပြီး တခါတည်း ညွှန်ကြားတယ်။ မုန်းလားအဖွဲ့က မူအရလက်ခံတယ်ဆိုတော့ လူစာရင်း၊ လက်နက်စာရင်း ပေးပါဆိုပြီး တောင်းတယ်။ တဖွဲ့ချင်း ချဉ်းကပ်ပုံ မတူဘူးဆိုတာ ဒါကိုပြောတာ။"

လက်နက်ကိုင် အင်အား ၁၀,၀၀၀ လောက်ရှိတဲ့ SSA ကတော့ တိုင်းရင်းသားအခွင့်အရေးကို လက်နက်ကိုင်ကာကွယ်မှ လုံခြုံစိတ်ချရသလို လက်နက်ကိုင်တိုက်မှရမယ်လို့ ယုံကြည်ထားဆဲ ဖြစ်ကြောင်း ၆၃ နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့အခမ်းအနားမှာ သေနတ်တွေပစ်ဖောက်ပြသကြပါတယ်။

ဒီနှစ်ထဲမှာ စစ်အစိုးရ ရွေးကောက်ပွဲ ကျင်းပမယ် ဆိုပေမဲ့ လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့ကြတဲ့ ခေါင်းဆောင်တွေ အိပ်မက်ဖြစ်တဲ့ တောင်တန်းဒေသရဲ့ငြိမ်းချမ်းရေး၊ ပြည်နယ်ပြည်မ တန်းတူရေးဆိုတဲ့ ရည်မှန်းချက်တွေ အလှမ်းဝေးနေသေးတယ် ဆိုတာကို ဒီသေနတ်သံတွေကပဲ သက်သေပြလိုက်သလို ဖြစ်နေပါတယ်။

သိန်းထိုက်ဦး *(VOA- 8/02/2010)*

စာမျက်နှာ 30 မှ

ရွှေလီရေအားလျှပ်စစ် စီမံကိန်းမှထွက်ရှိသည့် လျှပ်စစ်မီးကို စီမံကိန်းအနီးဝန်းကျင်ရှိ မူစယ် နမ့်ခမ်း ကွတ်ခိုင်မြို့များအပြင် နမ္မတူ သီပေါ ကျောက်မဲ လားရှိုး ပြင်ဦးလွင် ဗန်းမော်မြို့နယ်များ၌ပါ ဖြန့်ဖြူးမည်ဟု နအဖမီဒီယာများက ဖော် ပြခဲ့ဖူးသည်။

လျှပ်စစ်မီးရမည်ဆိုသည့် ကချင်ပြည်နယ် ဗန်းမော်မြို့တွင်လည်း ယနေ့အထိ ခွဲတမ်းဖြင့်သာရရှိပြီး ပုံမှန် မီးလင်းရေးကော်မတီအား တစ်လ ကျပ် ၅၀၀ လစဉ်အခွန်ဆောင်နေရကြောင်း ဗန်းမော်မြို့ခံများက ပြောသည် ။

တရုတ်က နည်းပညာနှင့်ငွေအရင်းအနှီးစိုက်ထုတ်၍ထွက်ရှိသည့် အကျိုးအမြတ်ကိုတစ်ဝက်စီခွဲယူကြရန် သဘောတူညီခဲ့ကြသော်လည်း ဒေသခံများအဖို့လုပ်အားပေးလိုက်ရသည်သာ အဖတ်တင်ကြောင်း နမ့်ခမ်းဒေသခံတစ်ဦးက ပြောသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် နမ့်ခမ်းမြို့နယ်မန့်တပ်ကျေးရွာအနီး ၂၀၀၂ ၌ စတင်အကောင်အထည် ဖော်ခဲ့ပြီး ၂၀၀၉ မေလ ပိုင်းတွင် ဖွင့်လှစ်ခဲ့ကာ ဗမာပြည်အတွင်းပိုင်းနှင့် တရုတ်နိုင်ငံအတွင်းသို့ ၂၃၀ နှင့် ၂၂၀ ဗို့ ကြိုးလိုင်းများဖြင့် သွယ်တန်းပို့ဆောင်နေကြောင်း သိရသည်။

သျှမ်းသံတော်ဆင့် *09/02/2010*



၂၀၀၈ ဖွဲ့စည်းပုံအနှစ်သာရ အဆိပ်ပြင်းလှတဲ့အန္တရာယ်ကြီး

သျှမ်း၊ ကချင်၊ ချင်း ၊ ဗမာတို့ကပြည်ထောင်စုဖွဲ့ရအောင်ဆိုပြီးတော့ ပင်လုံစာချုပ်လုပ်တယ်။ ပြည်နယ်တွေကရှိရင်းစွဲအာဏာကို လက်မလွှတ်ဘဲ အားလုံးညီတူညီမျှလုပ်ထားတာ။ ဗြိုန်းခနဲ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားတာ အခြေခံဥပဒေရေးဆွဲတာလဲ မပြီးသေးဘူး။ ရေးဆွဲပြီးတဲ့အခါလဲအဲဒီသဘောတရားကို နဲနဲပါးပါးထဲ့ပြီး အဓိကကျတဲ့အချက်တွေဘာ မှမပါလာဘူး။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးလို့ ယူကြုံးမရဖြစ်နေချိန်မှာ ဒါကိုသိပ်မဖေါ်တော့ဘဲ ၁၀ နှစ်လောက်သွားခဲ့တယ်။ အခြေခံဥပဒေကို ပြန်လည်ဆန်းစစ်တော့ ပြည်ထောင်စုစစ်စစ်မဟုတ်ဘူး။ ချင်း၊ ကချင်၊ သျှမ်းပြည်များက ပြည်နယ်ဥက္ကဌများ ပြည်နယ်ဝန်ကြီးများရွေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ ဆန္ဒအရမဟုတ်ဘဲ ဝန်ကြီးချုပ်က သူကြိုက်တဲ့လူကိုခန့်အပ်ပေးတယ်။ ၁၉၆၁ ဇွန်လောက်မှာ တောင်ကြီးညီလာခံလုပ်တယ်။ ဝန်ကြီးချုပ် ဦးနုကလဲ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဌာန်းဖို့၊ ဖွဲ့စည်းပုံပြင်ဆင်ဖို့ကြိုးစားတယ်။ သူမဲနိုင်သွားတော့ ပြည်နယ်ကိုယ်စားလှယ်တွေကတောင်ကြီးညီလာခံကျင်းပတယ်။ ဗိုလ်ချုပ်နေဝင်းက ခွဲထွက်ရေးပြောပြီးအာဏာသိမ်းတယ်။ ၁၉၆၂ ကစပြီး၆၃ နှစ်မြောက်အထိ တိတိကျကျပြည်ထောင်စုသဘောဆောင်တာ မရှိခဲ့ဘူး။

နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံကိုနိုင်ငံတဝှမ်းလုံးရဲ့လူဦးရေ ၉၂ % ထောက်ခံတယ်ဆိုတဲ့ဟာ ကျနော်တို့လက်မခံဘူး၊ ဒီအခြေခံ ဥပဒေထဲမှာ ပြည်ထောင်စုစစ်စစ်မှု ပင်လုံစာချုပ်နဲ့ဆန့်ကျင်ဖီလာတဲ့အပြင် ဒီမိုကရေစီနည်းစနစ်နဲ့လဲ ဆန့်ကျင်ဖီလာဖြစ်တယ်။ နိုင်ငံတော်ကို ဦးဆောင်တဲ့အထဲမှာ တပ်မတော်ပါဝင်မယ်ဆိုပြီးလုပ်ထားတယ်။ ဒီမိုကရေစီ ပြည်ထောင်စုစစ်စစ်နိုင်ငံထူထောင်တဲ့အခါမှာ နိုင်ငံရေးထဲဝင်ချင်တယ်ဆိုရင် ယူနီဖောင်းချွတ်ပြီး တပ်ထဲကထွက်ကိုထွက်ရမှာဖြစ်တယ်။ စစ်တပ်ထဲလုပ်ရင်းနဲ့ နိုင်ငံရေးမလုပ်ရဘူးဆိုတဲ့မူ ဒီမိုကရေစီနိုင်ငံတိုင်းမှာရှိတယ်။ ဒါကိုချိုးဖေါက်ပြီးတော့ စစ်တပ်ပါဝင်ခွင့်ရှိရမယ်ဆိုတာ စစ်အစိုးရအာဏာ သက်ဆိုးရှည်ဖို့ဘဲ ရည်ရွယ်ထားတယ်။ တိုင်းရင်းသားလူမျိုးစုများကို ကာကွယ်ထားတဲ့ ဥပဒေလဲတခုမှမပါတဲ့အတွက် ၂၀၀၈ ဖွဲ့စည်းပုံကို ဥပဒေလို့တောင်မခေါ်သင့်တဲ့ ဥပဒေဖြစ်တယ်။

၁၉၄၇ အခြေခံဥပဒေမှာတော့ အချက် ၅ ချက်ထဲမှာပါတယ်။ အင်္ဂလိပ်အုပ်ချုပ်နေချိန်ဆိုတော့ အင်္ဂလိပ်တွေကချင်းပြည်နယ်ကို ချင်းလူထုလက်ထဲအာဏာလွှဲထားတယ်။ ကချင်ဆိုရင်လဲ ဒူဝါတွေလက်ထဲအာဏာလွှဲထားသလို သျှမ်းတွေဆိုရင်လဲ စော်ဘွားတွေလက်ထဲ အာဏာလွှဲအပ်ထားပေးတယ်။ ဘယ်သူမှသူတို့ကိုဝင်မစွက်ဖက်ဘူး။ ဒီအတိုင်းဖြစ်ရမှာ။ အခု ဖွဲ့စည်းပုံထဲမှာ လမ်းပန်းဆက်သွယ်ရေးလို အများနဲ့ဆိုင်တဲ့ဟာ သေချာကန့်သတ် ထားရမယ်ဆိုတာအတိအကျပါတယ်။ Principle သဘောလောက်ဘဲဖြစ်တော့ အတိအကျလုပ်ရမယ်ဆိုတဲ့ဟာ ပါမလာဘူး။

UNA အတွင်းရေးမှူး
ပူကျင့်ရှင်းထန် (14/02/2010)

၁၉၄၇ ဖွဲ့စည်းပုံမပေါ်ခင် ပင်လုံစာချုပ် အရင်ပေါ်တယ်။ ၁၉၄၇ ရေးတဲ့အခါကျတော့ ပင်လုံစာချုပ်အရ တိုင်းရင်းသားအားလုံး ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရမယ်ဆိုတဲ့အချက် ပါမလာတော့ဘူး။ အဲဒီအချိန်ကစလို့ ကျနော်တို့ရဲ့ တန်းတူရေးကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး ပျောက်သွားပြီးတော့ တိုင်းရင်းသားတွေ လက်အောက်ခံလူမျိုးလိုတောက်လျှောက် ဖြစ်လာတယ်။ ၁၉၄၇ အခြေခံဥပဒေမှာတောင် ဒီမိုကရေစီ အနည်းအကျဉ်းရ သေးတယ်။

၁၉၆၂ အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသားတွေ တိုင်းရင်းသားအခွင့်အရေး အားလုံးရှုံးပြီးတတိုင်းပြည်လုံး စစ်အာဏာရှင်စနစ်အောက် ကျရောက်သွားတာအခုထက်ထိပါဘဲ။ ၁၉၇၄ မဆလခေတ်တော်လှန်ရေးကောင်စီ ရေးဆွဲတဲ့ ဖွဲ့စည်းပုံမှာတပြည်ထောင်စနစ်ပိုပြီးပီပြင်လာတယ်။ တပါတီစနစ်အုပ်ချုပ်မှုအောက် ရောက်လာတယ်။ လွှတ်တော်တရပ်ထဲထားပြီးတော့ တင်းတင်းကြပ်ကြပ် အာဏာရှင်စနစ်နဲ့ ဆက်အုပ်ချုပ်လာတယ်။ ၁၉၈၈ အာဏာရှင်စနစ် ပြိုပြီးနောက် တပါတီစနစ်ထက်ပိုဆိုးတဲ့ စစ်တပ်အာဏာရှင်စနစ် လွှမ်းမိုးလာတာအခုထက်ထိပါဘဲ။ တိုင်းရင်းသားတွေလဲ တနှစ်ထက်တနှစ် ပိုဒုက္ခရောက်ပိုပြီး အခက်အခဲကြုံလာရတဲ့ဘဝဖြစ်လာတယ်။ အခုအခြေအနေကို သုံးသပ်ရင်ကောင်းဖို့လမ်းစက တခုမှမတွေ့သေးပါဘူး။





THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.

Saohpalong of Tawngpeng State.

Saohpalong of Yawnghwe State.

Saohpalong of North Hsenwi State.

Saohpalong of Laihka State.

Saohpalong of Mong Pawn State.

Saohpalong of Hsamonghkam State.

Representative of Hsahtung Saohpalong.

(Hkun Pung)

(U Tin E) (U Htun Myint)

(U Kya Bu) (Hkun Saw).

(Sao Yape Hpa) (Hkun Htee)

Kachin Committee.

(Sinwa Naw, Myitkyina)

(Zau Rip, Myitkyina)

(Dinra Tang, Myitkyina)

(Zau La, Bhamo.)

(Zau Lawn, Bhamo

(Labang Grong, Bhamo)

Chin Committee.

(U Hlur Hmung, ATM, IDSM, M.B.M., Falam.)

(U Thawng Za Khup, ATM, Tiddim.)

(U Kio Mang, ATM, Haka)

Burmese Government.

ပင်လုံသဘောတူညီချက်ရဲ့ အဓိကကတော့ တိုင်းရင်းသားတွေ ချင်းဆိုလဲချင်းတောင်တန်းဒေသ၊ ကချင်ဆိုလဲကချင်ဒေသ၊ သျှမ်းဆိုလဲ Fedrated Shan States စော်ဘွားနယ်တွေအားလုံး ပူးပေါင်းပြီးဗမာပြည်နဲ့လွတ်လပ်ရေး အတူယူမယ်ဆိုတော့ လွတ်လပ်ရေးရပြီးအတူနေတဲ့အချိန်၊ လူမျိုးကြီးတမျိုးမျိုးအုပ်ချုပ်တဲ့အောက်မှာမဟုတ်ဘဲ ဒီလူမျိုးလေးမျိုး၊ နယ်မြေလေးခုမှာအနိမ့်အမြင့်မရှိအဆင့် တန်းတူရေးအခြေခံပေါ်မှာသဘောတူခဲ့တယ်။ သို့သော်ပင်လုံစာချုပ်ကို တာဝန်ခံခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတော့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ခဲ့တဲ့ကိစ္စကို ကျန်တဲ့ဗမာခေါင်းဆောင်တွေ ဘယ်သူမှအာမမခံတော့ဘဲ အာဏာရှင်တဆက်ပြီး တဆက်အုပ်စိုးလာတယ်။ လူမျိုးတမျိုးတည်းဖြစ်ရေး၊ စစ်တပ်အောက်လက်နက်ကိုင်တပ်ဖွဲ့အားလုံးရှိရေး၊ စစ်တပ်အစိုးရတခုထဲ ကျန်ရှိရေးလုပ်လာတာ အခု ၂၀၀၈ ဖွဲ့စည်းပုံဖြစ်လာတယ်။ ကျနော်တို့တိုင်းရင်းသားတွေအားလုံး ထာဝရနလံမထူနိုင်အောင်တပ်မတော် အစိုးရစစ်အာဏာရှင်အောက် ဆက်လက်ကျွန်ခံရမယ့်ဖွဲ့စည်းပုံမျိုးပေါ့။ ရှင်းရှင်းပြောရင်တော့ ဥပဒေဆိုတဲ့ ခါးသွားကိုပျားရည်နဲ့ဖုံးထားတယ်၊ အင်မတန်မှ အဆိပ်ပြင်းတဲ့ဖွဲ့စည်းပုံပေါ့။ ပျားရည်နဲ့ဖုံးပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ–ဆိုတဲ့ ပျားရည်လေးစကားလုံးနဲ့ ဖုံးထားတာဖြစ်တယ်။ ၂၀၀၈ ရဲ့အနှစ်သာရက တကယ့်အဆိပ်အတောက်ပြင်းတဲ့အန္တရာယ် အင်မတန်ကြီးတဲ့ ဖွဲ့စည်းပုံဖြစ်ပါတယ်။

ပြည်ထောင်စုနိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ ဂျာမဏီ၊ ကနေဒါ၊ ဆွစ်ဇလန်၊ အန္တိယ အားလုံးအမျိုးအစားတွေမှာ ပြည်နယ်တွေနဲ့ဖွဲ့ရတယ်၊ ပြည်နယ်တွေမရှိရင်ပြည်ထောင်စုမရှိဘူး။ ဒါ့ကြောင့်အမျိုးအစားတခုထဲနဲ့ဖွဲ့ရတယ်။ သို့သော်လဲ နအဖဖွဲ့စည်းပုံမှာတော့ မဆလတုန်းကလို တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခု အတူတူဘဲအရင်က အတိုင်းပါဘဲ။ အချိုးမတူတဲ့တချို့ကတိုင်းဖြစ်၊ တချို့ကပြည်နယ်ဖြစ် ဒီလိုနယ်မြေတွေပေါင်းစည်းတာကို ပြည်ထောင်စုလို့ခေါ်ရင် ဥပဒေအရဘောင်လဲမဝင်ဘူး၊ အတုအယောင် ပြည်ထောင်စုကိုပြန်ပြီး ဦးတည်တယ်ဆိုတာပေါ်လွင်တယ်။ တိုင်းဒေသတွေ ပြည်နယ်တွေပေါင်းထားတဲ့ ပြည်ထောင်စုလို့ခေါ်ပေမယ့် ပြည်နယ်အလိုက် တိုင်းအလိုက် လုပ်ပိုင်ခွင့်တွေ ဥပဒေပြုခွင့်တွေ ဘာမှမရှိဘူး။ ဗဟိုအစိုးရလို့ခေါ်တဲ့ ပြည်ထောင်စုအစိုးရမှာ ဥပဒေပြုခွင့်အာဏာ ၁၂၀ ကျော်ယူထားပြီး ပြည်နယ်လွှတ်တော်မှာ ဘာမှအရေးမကြီးတဲ့ ဥပဒေပြုကဏ္ဍ ၄၀ လောက်ဘဲချန်ထားပေးတယ်ဆိုတော့ ဒါကဗဟိုချုပ်ကိုင်မှုတင်းကြပ်တဲ့ တပြည်ထောင်စနစ်ဖြစ်နေပြီဆိုတာ ရှင်းရှင်းလင်းလင်းပြောလို့ရတယ်။

တချိန်ထဲမှာ တပ်မတော်တခုထဲရှိရမယ် လို့ ၂၀၀၈ ဖွဲ့စည်းပုံနိဒါန်းမှာရေးထားတယ်။ အင်္ဂလိပ်လို Oneness တခုတည်းသော တိုင်းပြည်လို့ရေးထားတယ်။ အဲဒါပြည်ထောင်စုရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ အလံကလဲ မြောက်ကိုးရီးယားအလံ ဗီယက်နမ်အလံနဲ့အတူတူဘဲ။ အာဏာရှင် လက်အောက်မှာနေတဲ့ တပြည်ထောင်တိုင်းပြည်အလံ၊ ကြယ်တလုံးဘဲထားတယ်။ ပြည်ထောင်စုတိုင်းပြည်မှန်ရင် ကြယ်တလုံးဆိုတာမရှိဘူး။ တရုတ်ပြည်ကြီးတောင်မှ အနည်းဆုံး ကြယ် ၄ လုံးတော့ထားသေးတယ်။ ခုကျတော့ပြည်ထောင်စုလဲပြောတယ်။ တလုံးတည်းသော ကြယ်ဆိုတော့ တခုတည်းသော တပ်မတော်အောက်မှာ အားလုံးပြားပြားဝပ်ရမယ့် ပြည်ထောင်စု အတုဘဲ။

ပအိုဝ်းတိုင်းရင်းသားအနေနဲ့ပြောရရင် ကျနော်တို့ပအိုဝ်းတွေကလဲ စည်းလုံးညီညွတ်မှုအားနည်းတယ်။ လူဦးရေနှစ်သန်းဆိုတော့ ဘာမှမရှိဘူး၊ ဦးအောင်ခမ်းထီကလည်း အပစ်ရပ်လုပ်ပြီးရသလောက်ယူမယ်ဆိုတော့ သူ့မှာသုံးမြို့နယ်အခြေခံတဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နာမည်လေးတော့ ရလိုက်ပါတယ်။ သို့သော်လည်း ဖွဲ့စည်းပုံမှာကိုယ်ပိုင်အုပ်ခွင့်ရဒေသ ပြန်ရုပ်သိမ်းမယ် – လို့ ဒကစမှူးတယောက်ကကြိမ်းဝါးခဲ့ဖူးတယ်။ ဒါ့ကြောင့် ဘာအခွင့်အရေးမှမရှိတဲ့အပြင် ဒကစမှူးက အဲလိုစစ်တပ်အာဏာ ပါဝါပြနေတော့ ဖွဲ့စည်းပုံထဲက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနာမည်နဲ့ ဒီနယ်မြေဟာအတုအယောင်ဘဲ။ ပအိုဝ်းခေါင်းဆောင်တယောက်အနေနဲ့ ပအိုဝ်းဒေသသတ်မှတ်ချက်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံကိုလဲကျနော်လုံးဝလက်မခံဘူး။

ဗိုလ်မှူးကြီးခွန်ဥက္ကာ (14/02/2010)



Supported by a grant from Foundation Open Society Institute (Zug)

OPEN SOCIETY INSTITUTE
& Soros Foundations Network